Chin National Front
General Headquarters
Chinland
www.chinland.org

# ဝိတိုရိယသဘောတူညီချက်

၂၀၀၄–ခုနှစ် ဧပြီလ (၇–၁၀)ရက်နေ့အထိ (Camp Victoria)တွင်ပြုလုပ်သော (The Seminar on Chin Consensus Building) သို့ တက်ရောက်လာကြသည့် ကျွန်ုပ်တို့သည် အောက်ပါအချက်များကို သဘောတူဆုံးဖြတ်ကြသည်။

(၁) ကျွန်ုပ်တို့ချင်းအမျိုးသားများသည် တအူတုံဆင်းညီရင်းအစ်ကို မောင်နှမများဖြစ်ကြပြီး ပြည်ထောင်စု မြန်မာနိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံများတွင် မှီတင်းနေထိုင်ကြသော ဌါနေတိုင်းရင်းသား များဖြစ်ကြသည်။

(၂) ကျွန်ုပ်တို့ချင်းလူမျိုးများသည် ၁၈၉၆–ခုနှစ်၊ ဗြိတိသျှကိုလိုနီလက်အောက်သို့မကျရောက်မီ သီးခြား လွတ်လပ်စွာနေထိုင်ခဲ့သော လူမျိုးတမျိုးဖြစ်သည်။

(၃) ကျွန်ုပ်တို့ချင်းအမျိုးသားများသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကို ပင်လုံစာချုပ်ချုပ်ဆိုခြင်းအားဖြင့် တန်းတူရေးနှင့် အမျိုးသားကိုယ်ပိုင်ပြဌါန်းခွင့် အပေါ် အခြေခံ၍အခြားတိုင်းရင်းသားလူမျိုးများနှင့် စုပေါင်း တည်ထောင်ခဲ့ကြသည်။

(၄) ၁၉၄၈–ခုနှစ် ဗြိတိသျှကိုလိုနီလက်အောက်မှ လွတ်လပ်ရေးရရှိခဲ့သော်လည်း ကျဉ်းမြောင်းသော ဗမာအမျိုး သားဝါဒီအစိုးရနှင့် စစ်အာဏာရှင်အဆက်ဆက်အောက်တွင် ဖိနှိပ်ချုပ်ချယ်မှု၊ လူ့အခွင့်အရေးဆုံးရှုံးမှု၊ နှိပ်စက်ညှင်းပန်းမှုများကို ခါးစည်းခံနေကြရသည်။

(၅) ဤထက်ပါ လူမှုအနိဌါရုံများမှ လွတ်မြောက်၍ လွတ်လပ်ပြီးလူ့အခွင့်အရေးအပြည့်အဝရရှိရန်နှင့် တန်းတူညီမျှသော ချင်းလူ့ဘောင်သစ်တည်ဆောက်ရန်အတွက်

- စစ်အာဏာရှင်ကျဆုံးရေး
- အမျိုးသားလွတ်မြောက်ရေးနှင့်ကိုယ့်ကြမ္မာကိုယ်ဖန်တီးခွင့်ပြန်လည်ရရှိရေး
- စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေး
- ချင်းအမျိုးသားများ၏ နိုင်ငံရေး၊ စီးပွါးရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်ရေးနှင့် ချင်းအမျိုးသားအားလုံးသွေးစည်းညီညွတ်ရေးတို့ကို အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်သွားကြမည်ဟု ကျွန်ုပ်တို့ အဓိဌါန်ပြုဆုံးဖြတ်ကြပါသည်။

ရက်စွဲ၊ ၁၀–၀၄–၂၀၀၄

Chin National Front – Information and Publicity Department
Information and Publicity, CNF